၂၀၁၅ခုနှစ် မေလ (၁၆)ရက်နေ့ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာတွင်ပါဝင်သော မတ္တရာ၌ ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနား သတင်းနှင့် ပက်သက်၍ ယင်းအခမ်းအနားတွင် မြေယာရရှိသူ (၁၂)ဦးသည် မူလလုပ်ကိုင်သူများမဟုတ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ညောင်အုပ်ကျေးရွာအုပ်စု ပွဲစားကုန်းကျေးရွာ နေတောင်သူ(၄၈)ဦးက သက်ဆိုင်ရာသို့ တိုင်တန်းခြင်းကို ၂၀၁၅ ခုနှစ် ဇူလိုင်လက ပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ညောင်အုပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၃၊၁၁၃-က၊၁၁၃-ဂ)တွင်းအတွင်းရှိ မြေလွတ်မြေလပ်(၁၀၂၉.၅၄)ကေအား (၁၉၇၅-၇၆)ခုနှစ်ခန့်တွင် နိုင်ငံပိုင်စက်မှု(၁)ဝန်ကြီးဌာန ဗာဂျီးနီးယားဆေးစီမံကိန်းမှ မြေလပ်၊ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ ဗာဂျီးနီးယားဆေးစီမံကိန်းကို (၁၅)နှစ်ကြာလုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး မအောင်မြင်၍ (၁၉၉၀-၉၁)ခုနှစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လွှဲပြောင်းရယူခဲ့ပြီး (ဒု-အရာခံဗိုလ်) ကျန်ရှိဂါးပြုတ်တော၊ ငုတ်ကြွင်း၊ ငုတ်ကျန်တောများကို တောင်သူ(၄၈)ဦးကို ခွားမဦးချလုပ်ကိုင်ဆောင်ရွက်စိုက်ပျိုးခဲ့သည်မှာ ယနေ့တိုင် အချိန်ထိနှစ်ပေါင်း (၂၅)နှစ်ခန့် အသက်မွေးဝမ်းကြောင်းပြုခဲ့ခြင်းဖြစ်သည်။

ထို့နောက် (၂၀၀၅-၂၀၀၆)ခုနှစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်လက်ထက်တွင် တောင်သူများလက်ရှိ၊ လက်ငုတ်လုပ်ကိုင်စိုက်ပျိုးနေသော မြေ(၁၀၂၉.၄၅)ကေအား ဂရိတ်ဝေါလ် ကုမ္ပဏီသို့ တစ်ဆင့် ဌားလိုက်ရာ လက်ရှိ ၊ လက်ငုတ်တောင်သူများသည် ဂရိတ်ဝေါလ်၏ အမျိုးမျိုးဖိနှိပ်ချုပ်ချယ်မှုများ ခံခဲ့ရပြီး မိသားစု စားဝတ်နေရေး၊ ပညာရေး၊ကျန်းမာရေး၊ အမျိုးမျိုးအဖုံဖုံ ဒုက္ခရောက် ပင်ပန်းဆင်းရဲနေချိန် (၂၀၁၂-၁၃) ခုနှစ်တွင် လယ်ယာမြေစည်းကမ်းဥပဒေများပြဌာန်းပြီးနိုင်ငံတော်မှ တပ်ပိုင်မြေများ ပြန်လည်စွန့်လွှတ်မည်ဟု ကြေငြာချိန်

ဦးရှိ၊ ဒေါ်စန်းမြင့် ပါ (၂၃)ဦးနှင့် ဦးချင်းပါ(၂၇)တို့သည် စက်မှု(၁)ဂန်ကြီးဌာန နိုင်ငံပိုင် ဗားဂျီးနီးယားမြေကို မိမိတို့ မူလဘိုးဘွားပိုင်မြေဟု လုပ်ကြံလိမ်လည် လျှောက်ထားရာမှ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ (၁၀၂၉.၄၅)ကေအနက် (၅၃၈) ကေအား စွန့်လွှတ်ခဲ့သည်မှာ ယခုလက်ရှိတောင်သူ(၄၈)ဦး လုပ်ကိုင်စိုက်ပျိုးထားသော ဧရိယာကေများဖြစ်ပြီး ယင်းမြေပေါ်တွင် လက်ရှိ လက်ငုတ်လုပ်ကိုင်နေသော တောင်သူများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အကြိမ်ကြိမ်ခေါ်ယူ၍ နှစ်ဦးနှစ်ဖက်ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေမည်ဟုဆိုကာ မူလပိုင်ရှင်ပါဟု ရလိုမှုဖြင့် လုပ်ကြံ လိမ်လည်လျှောက်ထားသူများထံမှ (၁၂)ဦးကလယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၃)ကို အခမ်းအနားဖြင့် လုပ်ပိုင်ခွင့်ပေးခဲ့သည်။